မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

December 5 , 2024 | Volume 85 , Number 4


| ၅.၁၂.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၄.၁၄ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၀၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၅.၁၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၄.၄၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၀၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၃၆ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၅၅ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၉ သန်း ရရှိထား



ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ခုနှစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၉ သန်းရရှိထားကြောင်း ပျားလုပ်ငန်းဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက သိရသည်။

ပြည်ပသို့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့်ပျားရည်တင်ပို့နေပြီး ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှ ၇၃၈ ဒသမ ၂၃ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ ၄၇ ဒသမ ၈ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ပျားရည်ကို ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည် ဟူ၍ ထုတ်လုပ်ပြီး ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ်အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source :Popular News Journal**

## မအူပင်မြို့နယ်၌ အာဒါလွတ် (ခေါ်)သင်ဥ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ

ဧရာဝတီတိုင်းဒေသကြီးမအူပင်မြို့နယ်လေးမိုင်ကျေးရွာတွင်သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိပြီးအာဒါလွတ်(ခေါ်)သင်ဥကိုတစ်နှစ်လျှင်နှစ်ကြိမ်စိုက်ပျိုးကြကြောင်း၊အာဒါလွတ်(ခေါ်)သင်ဥကို ယခင်နှစ်က ဧက ၅၀ ခန့်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၆၀ ကျော် စိုက်ပျိုးထားကြောင်းသိရသည်။

အာဒါလွတ်(ခေါ်)သင်ဥကို ဇွန်လတွင်စိုက်ပျိုးပြီး ငါးလကျော်အကြာ နိုဝင်ဘာလတွင် စတင်တူးဖော်ရကြောင်း ၊ စိုက်ပျိုးမှုအနေဖြင့် မြေပြုပြင်၍ ပင်ကြားတန်းကြား ခြောက်ပေ၊ရှစ်ပေခြား စိုက်ပျိုးရပြီး တစ်ဧကလျှင် အပင်ရေ ၄၀,၀၀၀ ခန့် စိုက်ပျိုးကြောင်း၊ကုန်ကျစရိတ်မှာ မျိုးသွင်းအားစု၊မြေပြုပြင်ခ၊လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း ၊တစ်ဧကလျှင် အာဒလွတ်(ခေါ်)သင်ဥ ပိဿာချိန် ၄၀၀ ခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဖြင့် ရောင်းချရသည့်အတွက် ငွေကျပ်ခြောက်သိန်းခန့် အမြတ်ရရှိကြောင်း၊ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ပုသိမ်၊ အိမ်မဲနှင့်ရန်ကုန်မြို့တို့သို့ အဓိက တင်ပို့ရောင်းချကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ရွှေဘိုနှင့် ဧရာဝတီပေါ်ဆန်း ဆန်များကို ဈေးမြှင့်တင်ရောင်းချပါက အရေးယူမည်ဟု MRF ထုတ်ပြန်




စပါးအသစ်ပေါ်ချိန် ရွှေဘိုနှင့် ဧရာဝတီပေါ်ဆန်း ဆန်များကို ရည်ရွယ်ချက်ရှိရှိ ဈေးမြှင့်တင်ရောင်းချပါက အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

ယခုကာလအတွင်းလူမှုကွန်ရက်စာမျက်နှာများတွင်ဆန်ဈေးနှုန်းများကိုတိုးမြှင့်ရောင်းချသည့် ကြော်ငြာများအားတွေ့ရှိလာရခြင်း၊ဈေးကွက်အတွင်း၌လည်း ဆန်ဈေးနှုန်းများကို ရည်ညွှန်းဈေးထက်ပိုမိုတိုးမြှင့်ရောင်းချမှုများကိုတွေ့ရှိရခြင်း၊ အထူးသဖြင့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း ဆန်များကို စပါးသစ်ပေါ်ချိန်တွင် ဈေးကိုမြှင့်တင်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုအချို့ကို ကြားသိနေရကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

သို့ဖြစ်၍ ပြည်တွင်းစားဆန်များဖြစ်သည့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း၊ ဧရာမင်း၊ ဧရာပဒေသာ၊ မဂျမ်းတော၊ မနောသုခစသည့် ဆန်အမျိုးအစားများကို သိုလှောင်ဈေးကစားမှုများ(လုံးဝ) မပြုလုပ်ရန်နှင့်ရည်ညွှန်းဈေးသတ်မှတ်ချက်အတိုင်းသာ ရောင်းဝယ်ရန် ထပ်မံတိုက်တွန်းထားသည်။

အဆိုပါ ပြည်တွင်းစားဆန်များသည် ပြည်ပတင်ပို့မှု လုံးဝမရှိဘဲ ပြည်တွင်း၌သာ ပစ္စည်းမှန်၊ ဈေးမှန် ရောင်းဝယ်ကြသည့် ဆန်များဖြစ်ပြီး လက်ရှိတွင် အဆိုပါ ပြည်တွင်းစားဆန် ပေါ်ဆန်းများကို Export ပို့၍ဈေးတက်သည်၊ သဘာဝဘေးဒဏ်ကြောင့် အထွက်နှုန်းအလွန်ထိခိုက်သည်ဆိုကာရည်ရွယ်ချက်ရှိရှိဖြင့်အချို့သောကုန်သည်များမှထုတ်ပြန်လာသည့်သတင်းများမှာ သတင်းအမှားသာဖြစ်ကြောင်း ဖော်ပြထားသည်။

ဈေးကွက်အတွင်း သင့်တင့်မျှတသည့် ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်းမပြုပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရ တရားစွဲဆို အရေးယူခြင်း၊ ဒဏ်ငွေနှင့် အခွန်ငွေ သတ်မှတ်ပေးဆောင်စေခြင်းစသည့် အရေးယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## ညောင်ဦးမြို့နယ်၌ တောင်ယာလုပ်ငန်းအပြင် ပျားအုံရှာဖွေ၍ ပျားရည်ထုတ်ယူရောင်းချခြင်းများလုပ်ကိုင်လာကြ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဒေသခံတောင်သူများအနေဖြင့် တောင်ယာလုပ်ငန်းအပြင် ပျားအုံရှာဖွေ၍ ပျားရည်ထုတ်ယူရောင်းချခြင်းများ လုပ်ကိုင်လာကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး အခြားအချိန်များတွင် ဒေသခံတောင်သူတချို့က တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေ တိုးပွားစေရေးအတွက် ပျားအုံများကို ရှာဖွေကာပျားရည်ထုတ်ယူရောင်းချခြင်းများကိုလုပ်ကိုင်ကြရာ ပျားရည်ဈေးရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိ

ကြောင်း သိရသည်။

**“**အညာဒေသမှာက မိုးကောင်းသောက်စနစ်နဲ့ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါတယ်။တောင်ယာလုပ်ငန်းခွင် အားလပ်ရက်တွေမှာတချို့ကျေးရွာတွေက တောင်သူတွေအနေနဲ့ ပျားရည်ဈေးကောင်းရရှိတဲ့အတွက် ပျားအုံတွေကိုရှာဖွေပြီး ပျားရည်ထုတ်ယူရောင်းချတဲ့လုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ပျားအုံကလည်း မိုးတွင်းကာလဆိုရင် ပျားရည်အထွက်နှုန်းကောင်းပါတယ်။ပျားရည်အရသာလည်းကောင်းမွန်ပြီး ဆေးဖက်ဝင်ပျားရည်စစ်စစ်ကိုရရှိပါတယ်။တစ်ရက်ကိုအနည်းဆုံးပျားရည်လေးပုလင်းကနေခြောက်ပုလင်းအထိ ရှာဖွေရရှိပါတယ် ။ ပျားရည်ဈေးကောင်းရရှိတဲ့အတွက်ပျားအုံရှာဖွေကြသူတွေအဆင်ပြေနေကြပါတယ်**”**ဟုညောင်ဦးမြို့နယ်ဖြူကြီးကျေးရွာမှတစ်နိုင်တစ်ပိုင်ပျားအုံရှာဖွေရောင်းချသူတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ်ရှိ မြို့နယ်များ၌ ပျားအုံရှာဖွေသူများသည် ပျားနဋ္ဌေင်း၊ပျားကြီးအုံ၊ပစ်သုန်းပျား၊ပရင်း(ပယင်း) ပျားအုံများကိုရှာဖွေရောင်းချကြပြီး ပျားအုံရှာဖွေခြင်းလုပ်ငန်းကို ဆောင်းရာသီကာလ တန်ဆောင်မုန်းလတွင် စတင်လုပ်ကိုင်ကြကြောင်း၊ ယခုနှစ်တွင် ပျားရည်ဈေးကောင်းမွန်ကာ ပျားအုံရှာဖွေရောင်းချသူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ပြည်ပဝယ်လိုအားကောင်းလာလို့ ပြောင်းဆန်ဈေးမြင့်တက်လာနေ




မြန်မာ့ပြောင်းဆန်ကို ပြည်ပက ဝယ်လိုအားကောင်းနေတာကြောင့် ပြောင်းဆန်ဈေးတက်လာပြီး ရန်ကုန် အရောက်တစ်ပိဿာကို ၁၆၁၀ ကျပ်အထိ ဈေးတန်းရှိလာတယ်လို့ ပြောင်းတင်ပို့နေတဲ့ ကုန်သည်တွေဆီက သိရပါတယ် ။

ပြောင်းဆန်ဈေးက ရန်ကုန်အရောက် ရွှေပြည်သာနဲ့ ဒဂုံဆိပ်ကမ်းအရောက်ပြောင်းဆန်တစ်ပိဿာကို ၁၆၀၀ ကျပ် မှ၁၆၁၀ ကျပ်အထိဈေးပေးဝယ်ယူနေပြီးတောင်ကြီးပြောင်းဆန်ဈေးမှာ တစ်ပိဿာကို ၁၄၄၀ ကျပ်အထိရှိနေတာဖြစ်တယ်လို့သိရပါတယ်။

“ပြောင်းက အသန့်၊ အရည်အသွေးကောင်းတာကိုပဲ ဝယ်ကြ တာပါ။အစိုဓာတ်ကလည်းသတ်မှတ်ချက်ရှိတယ်။တကယ်လို့ သတ်မှတ် အစိုဓာတ်ထက်များနေရင် ပယ်ပါတယ်။ ပယ်လိုက်တဲ့ ပြောင်းဆန်အတွက် တောင်သူက အစားပြန်ပေးရပါတယ်။ မနှစ်က နယ်စပ်အရောက်ဈေးမှာ၁၄၀၀ ကျပ်လောက်ရှိခဲ့တာ၊ခုနှစ်ကတောင်ကြီးဈေးတင် ၁၄၀၀ ကျပ်ရှိတယ် ”လို့ ပြောင်းဆန်ဝယ်ယူနေတဲ့ ပို့ကုန်ကုမ္ပဏီတစ်ခုက တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

လက်ရှိမှာ မြန်မာ့ပြောင်းဆန်ကို အိန္ဒိယနိုင်ငံကအခွန်ကင်းလွတ်ခွင့်နဲ့တန်ချိန်အများအပြားဝယ်ယူမှုရှိနေတဲ့အပြင် ဖိလစ်ပိုင်၊တရုတ်တို့ကလည်းဝယ်လိုအားကောင်းပြီး ပြောင်းရောင်းချမှုနည်းတာကြောင့်ဈေးတက်လာတာဖြစ်တယ်လို့ သိရပါတယ်။

ပြည်ပကို ပြောင်းတင်ပို့နေတဲ့ ပို့ကုန်သမားတွေကတော့ ပြောင်းဆန်ကိုဝယ်ယူရာမှာ အစိုဓာတ် ၁၅ ဒသမ ၅ အောက်နှင့် ပြောင်းအကောင်း ၉၀ ရာခိုင်နှုန်းနဲ့ မှို၊ အကျိုးအကြေနှင့် အခြားပစ္စည်း ၁၀ ရာခိုင်နှုန်း ကိုလက်ခံဝယ်ယူကြသလို၊ အချို့ကုန်သည်တွေက ပြောင်းအစိုဓာတ်ကို ၁၇ ရာခိုင်နှုန်းအောက်ဝယ်ယူနေကြတာဖြစ်တယ် လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်မှာ ပြောင်းဆန်ဈေးမြင့်တက်လာပေမဲ့လည်း ပြောင်းစိုက်ပျိုးတောင်သူတွေကတော့ ရိတ်သိမ်းပြီး ပြောင်းတွေကို ထုတ်ရောင်းချမှုနည်းကြောင်း၊ ပြောင်းဈေးထပ်ပြီး မြင့်တက်လာမဲ့အချိန်ကို စောင့်ကာ သိုလှောင်ထားသူများ တယ်လို့ သိရပါတယ်။

ပြောင်းဆန်ကိုတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမှာ အဓိက အများဆုံးစိုက်ပျိုးကြတာဖြစ်ပါတယ်။

**Source : Myanma Awba Group**

## ပြည်မြို့နယ်တွင် သခွားသီးများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာတောင်ခွေးရဲကျေးရွာတွင် သခွားသီးနှံများကို မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သခွားသီးကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် သခွား ၃၉၅ မျိုးကို စိုက်ပျိုးကြပြီး မျိုးစေ့ကို ပျိုးထောင်၍ ၂ ပတ်အကြာတွင် စိုက်ဘောင်၌ ပင်ကြားတန်းကြား ၂ ပေ၊ ၂ ပေခွဲခန့်ထား၍ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊သွင်းအားစု၊လုပ်သားခအပါအဝင်တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၈ သိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် သခွားသီးအနုအရင့်အပေါ်မူတည်၍ ၇ ရက်ခြားတစ်ကြိမ်ခူးဆွတ်ရကြောင်း၊ တစ်ကြိမ်ခူးဆွတ်လျှင် သခွားသီး အလုံးရေ ၁၀,၀၀၀ – ၁၃,၀၀၀ ခန့်ထွက်ရှိကြောင်း၊ယခုအချိန်တွင် သခွားသီးများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ် လျက်ရှိပြီး လက်ကားဈေး သခွားသီးတစ်လုံးလျှင် ငွေကျပ် ၁၅၀,၂၀၀ဖြင့် ရောင်းချရသည့်အတွက် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ သခွားစိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ပြည်မြို့ရှိပွဲရုံများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ယခုနှစ်တွင်သခွားသီးဈေးနှုန်းများကောင်းမွန်သည့်အတွက် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

TIR

## ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီးလပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေဘဝဲပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲပိဿာချိန် ၅၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ရေဘဝဲ ပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

“ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေ တင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့ အဓိကဈေးကွက်ပါ။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ တင်ပို့ ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန်အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။လက်ရှိဒီဇင်ဘာလထဲမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ရေဘဝဲတွေကို ဒေသဈေးကွက်

အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်” ဟု ၎င်းကပြောသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည်တစ်ကီလိုလျှင် ငွေကျပ် ၂၇,၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၄,၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ တင်ပို့အားကောင်း လာသည့်အတွက် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်နေကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ရုရှားတွင် ကော်ဖီဈေးနှုန်းများ ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်း

၂၀၂၅ ခုနှစ်တွင် ဘရာဇီးနှင့် ဗီယက်နမ်နိုင်ငံတို့၌ ကော်ဖီရိတ်သိမ်းနိုင်မှု ကျဆင်းခြင်းကြောင့် ကော်ဖီဈေးနှုန်းများ လေးပုံတစ်ပုံမြင့်တက်လာနိုင်ကြောင်း စိစစ်မှုဆိုင်ရာအဆင့်သတ်မှတ်ရေးအေဂျင်စီ (ACRA) မှ ကျွမ်းကျင်သူ Mr. Anton Trenin က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ကော်ဖီထုတ်လုပ်နိုင်ခြင်းမရှိဘဲသွင်းကုန်များအပေါ်တွင်သာလုံးဝမှီခိုနေရကြောင်း၊၂၀၂၅ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ မိုးခေါင်မှုနှင့် ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်း မုန်တိုင်းကျရောက်မှုတို့ကြောင့် ကော်ဖီဈေးနှုန်းများသည် ၂၀ – ၂၅ ရာခိုင်နှုန်းအထိတိုးလာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ကော်ဖီထုတ်လုပ်မှုအားလုံးကို အာရေးဗီကာ ( Arabica )၇၀ ရာခိုင်နှုန်းနှင့် ရိုဘတ်စတာ ( Robusta ) ၃၀ ရာခိုင်နှုန်းဟု ပိုင်းခြားနိုင်ကြောင်း၊ ကမ္ဘာ့အကြီးဆုံးကော်ဖီ ထုတ်လုပ်သူဘရာဇီးသည် အာရေးဗီကာလိုအပ်ချက်၏ သုံးပုံတစ်ပုံခန့်ကို ဖြည့်ဆည်းပေးထားကြောင်း၊ သို့သော် ယခုနှစ်တွင် ဘရာဇီး၌ မိုးခေါင်ရေရှားမှုကြောင့် ကော်ဖီဈေးကွက်ကို ထိခိုက်နေကြောင်း၊ ကမ္ဘာ့အကြီးဆုံး ရိုဘတ်စတာ ထုတ်လုပ်သည့် ဗီယက်နမ်တွင်လည်း တိုင်ဖွန်းမုန်တိုင်းကြောင့် ကော်ဖီရိတ်သိမ်းနိုင်မှု လျော့နည်းမည်ဖြစ်ကြောင်း၊ ယင်းကြောင့် ရုရှားစားသုံးသူများသည် ကော်ဖီဈေးနှုန်းများသိသိသာသာမြင့်တက်မှုကို ဆက်လက်ရင်ဆိုင်ရဖွယ် ရှိကြောင်း Mr. Anton Trenin က သုံးသပ်ထားသည်။

ယခုတစ်ပတ်တွင် ကော်ဖီစေ့ဈေးနှုန်းများသည် ရိုဘတ်စတာအတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅,၇၀၀ ကျော်အထိ မြင့်တက်ခဲ့ပြီး အာရေးဗီကာအတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၃၀၀ ကျော်အထိ မြင့်တက် ခဲ့ကာ ၁၉၇၇ ခုနှစ်နောက်ပိုင်းတွင် စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် နိုင်ငံပေါင်း ၄၀ ကျော်မှ ကော်ဖီပမာဏတန်ချိန် ၁၀၁,၈၂၄ တင်သွင်းခဲ့ပြီး အဓိက တင်သွင်းခဲ့သောနိုင်ငံများမှာ ဘရာဇီး၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ အီတလီနှင့် အက်စ်တိုးနီးယားစသည့် နိုင်ငံများ ဖြစ်ပါသည်။


ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့်နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေကြောင်း သိရသည်။

**Source : https://ria.ru/20241201/kofe-1986699785.html**

**စီးပွားရေးသံမှူး၊ မော်စကိုမြို့**

https://myantrade.gov.mm/article/npt-51220240931

## ဒေါ်လာ ၆၇ ဘီလီယံတန် အမြန်ရထားလမ်းစီမံကိန်းကို ဗီယက်နမ်ချမှတ်


The Cau Binh Loi railway bridge crosses the Saigon River in Ho Chi Minh City. Vietnam is gearing up for a major upgrade of its rail system to support economic development. (Photo: Bun Boa via Wikimedia Commons)

နိုင်ငံစီးပွားရေးတိုးတက်မှုရည်မှန်းချက်များကိုအထောက်အကူပြုမည့် အရေးပါသော အခြေခံအဆောက်အဦစီမံကိန်းများဆိုင်ရာအစိုးရအစီအစဉ်များအရ ဗီယက်နမ်သည် ၂၀၂၇ ခုနှစ်တွင် နိုင်ငံတောင်ပိုင်းနှင့်မြောက်ပိုင်းကို ချိတ်ဆက်ပေးမည့်ဒေါ်လာ ၆၇ ဘီလီယံတန်အမြန်ရထားလမ်းကွန်ရက် တည်ဆောက်မှုများကို စတင်တော့မည်ဖြစ်သည်။

တစ်နာရီ ၃၅၀ ကီလိုမီတာခန့်အမြန်နှုန်းဖြင့် ခုတ်မောင်းရန်ရည်ရွယ်ထားပြီး မြို့ကြီးများနှင့် ပြည်နယ် ၂၀ ကိုဖြတ်သန်းမည့် ၁၅၄၁ ကီလိုမီတာ အရှည်ရှိ အမြန်ရထားလမ်းတည်ဆောက်ရန် အစိုးရ၏ အဆိုပြုချက်ကို အမျိုးသားလွှတ်တော်က နိုဝင်ဘာ ၃၀ တွင် အတည်ပြုပေးခဲ့သည်။

အဆိုပါ စီမံကိန်းသည် ၂၀၃၅ ခုနှစ်တွင် အလုံးစုံပြီးမြောက်မည်ဟု မျှော်မှန်းထားကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ စီမံကိန်းသည် ဒေသတွင်းချိတ်ဆက်မှုကို အားကောင်းစေပြီး စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကိုတိုးမြင့်စေသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်လည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အစိုးရက ပြောဆိုခဲ့သည်။

ဗီယက်နမ်သည် အရှေ့တောင်အာရှ၏ တိုးတက်မှုအမြန်ဆုံး စီးပွားရေးနိုင်ငံတစ်ခုအဖြစ် ရှေ့သို့ဆက်လက်ချီတက်နေသောကြောင့် ၂၀၂၅ ခုနှစ်အတွက် ဂျီဒီပီတိုးတက်မှုကို ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းအကြားရောက်ရှိရေး ချမှတ်ထားသည်။

တောင် – မြောက် အမြန်ရထားလမ်းစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားလွှတ်တော်သို့ ပထမဆုံးတင်ပြခဲ့ခြင်းဖြစ်သော်လည်း စီးပွားရေးအင်အားနည်းပြီး အစိုးရကြွေးမြီ များပြားမှုကြောင့် လုံလောက်သော ထောက်ခံမဲအရေအတွက် မရခဲ့ပေ။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံယူနန်ပြည်နယ်နှင့်ဆက်သွယ်မည့် ခန့်မှန်းခြေ ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံကုန်ကျမည့်ရထားလမ်းကိုတည်ဆောက်ရန် ပြင်ဆင်နေသည်ဟုလည်းနိုင်ငံပိုင်မီဒီယာကအောက်တိုဘာလအတွင်းသတင်းထုတ်ပြန်ခဲ့သည်။

**Source : ဘန်ကောက်ပို့စ်**

**Popular News Journal**

## ရုရှားအစိုးရက ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ရုပ်သိမ်း

ရုရှားအစိုးရသည် ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို ရုတ်သိမ်းလိုက်သော်လည်း အခြားတင်ပို့သူများအတွက်မှာမူ ဆက်လက်ကျင့်သုံးမည်ဟု အစိုးရသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစိုးရသည် ဓာတ်ဆီတင်ပို့မှု ယာယီတားမြစ်ချက်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ သက်တမ်းတိုးခဲ့သော်လည်း အဆိုပါတားမြစ်ချက်သည် ရေနံထွက်ပစ္စည်းတိုက်ရိုက်ထုတ်လုပ်သူများ၏တင်ပို့မှုများကို သက်ရောက်မည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်း ဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်တွင် တည်ငြိမ်သော အခြေအနေကို ထိန်းသိမ်းရန်နှင့် ရေနံချက်လုပ်ငန်းကို ပံ့ပိုးပေးရန် ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် ဥရောပအာရှစီးပွားရေးသမဂ္ဂ ( EAEU )အဖွဲ့ဝင်နိုင်ငံများမှလွဲ၍ အခြားနိုင်ငံများသို့ ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်မှ စတင်ကျင့်သုံးခဲ့သည်။

ယင်းတားမြစ်ချက်ကို မေလကုန်တွင် ရုပ်သိမ်းခဲ့သော်လည်း ဩဂုတ်လတွင် ပြန်လည်စတင်ခဲ့ပြီး ဒီဇင်ဘာလ ၃၁ ရက်အထိ

သက်တမ်းရှိခဲ့သည်။

ယခုအခါ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ သက်တမ်းတိုးခဲ့သော်လည်း ရေနံချက်လုပ်ငန်းထုတ်လုပ်သူများ၏ တင်ပို့မှုကို ခွင့်ပြုပေးခဲ့သည်။


ရုရှားအစိုးရသည် ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန် ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို လိုအပ်သလို ကန့်သတ်လျက်ရှိပြီး ဒီဇယ်ဆီတင်ပို့မှုကို တားမြစ်ထားခြင်းမရှိကြောင်း သိရသည်။

**Source : https://ria.ru/20241130/eksport-1986609406.html**

**စီးပွားရေးသံမှူး၊ မော်စကိုမြို့**

https://myantrade.gov.mm/article/npt-51220240930

## STOCK EXCHANGE (5.12.2024)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 5th Dec. 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,976 (Shares) | 83,065,650 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,600 | 8,600 | 8,500 | 755 | 6,421,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 5,400 | 17,280,000 | 38,929,150 | 124,573 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 3 | 24,900 | 10,400,986 | 86,328 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 2,083 | 4,061,850 | 29,664,613 | 57,846 |
| TMH | 00005 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 550 | 1,705,000 | 12,823,224 | 39,752 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,148 | 1,974,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,200 | -50 | -1.54% | 3,250 | 3,250 | 3,200 | 3,757 | 12,052,400 | 23,804,946 | 76,176 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 5th Dec. 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.84 | -2.01 | -0.50% | 398.29 | 400.04 | 397.84 | 13,696 | 43,519,650 | 8 | 750,406 |

Index chart

# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 33,986 (Shares) | 83,099,150 (MMK) |

## Main Board

As of 1:00 pm, 5th Dec. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,976 (Shares) | 83,065,650 (MMK) |

| MYANPIX | 397.84 ▼ 2.01 |
|---|---|
| Total Volume (shares) | 13,696 |
| Total Value (MMK) | 44 mil |
| Listed Company | 8 |
| Market Cap. (MMK) | 750,406 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,100 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,200 | ▼ 50 |

TIR